# မူဝါဒပေါ်လစီ JKC - ရုပ်ပိုင်းဆိုင်ရာ ကြားဝင်ဆောင်ရွက်မှု သို့မဟုတ် အားသုံးမှု/ ကျောင်းသား စည်းမျဉ်းစည်းကမ်းအား ဝန်ထမ်းများ အသုံးပြုမှု

ကျောင်းသားများအား စည်းမျဉ်းစည်းကမ်းအရ လိုက်နာဆောင်ရွက်စေရာတွင် သို့မဟုတ် ကျောင်းသားများဖြင့် ရုပ်ပိုင်းဆိုင်ရာအရ ကြားဝင်ဆောင်ရွက်ခြင်းပြုရာတွင် အောက်ဖော်ပြပါ စံသတ်မှတ်ချက်များသည် ကျောင်းခရိုင်ဒေသ ဝန်ထမ်းအဖွဲ့ဝင်များထံသို့ သက်ရောက်မှုရှိပေမည် -

A. အဆင့်နိမ့် အပြစ်ပေးမှု၊ ဥပမာဆိုရလျှင် ကျောင်းသား၏ မှားယွင်းသောအပြုအမူအတွက် ရိုက်နှက်ခြင်း၊ လက်ဝါးဖြင့် ရိုက်ခြင်း၊ ပုတ်ခြင်း သို့မဟုတ် ဆိတ်ခြင်း အစရှိသည်တို့အား တားမြစ်ထားသည်။

B. အောက်ဖော်ပြပါအရ လိုအပ်မှသာလျှင် ကျိုးကြောင်းဆီလျော်ပြီး သင့်တော်မှုရှိသော ရုပ်ပိုင်းဆိုင်ရာ ကြားဝင်ဆောင်ရွက်မှု သို့မဟုတ် အားသုံးမှုတို့အား ကျောင်းခရိုင်ဒေသ ဝန်ထမ်းများမှ အသုံးပြုကောင်း ပြုနိုင်မည်ဖြစ်သည် -

1. အန္တရာယ်ရှိသည့် မှားယွင်းသောအပြုမူမှ ကျောင်းသားတစ်ဦးအား တားမြစ်ကန့်သတ်ရန်ဖြစ်လျှင်

2. လက်နက်များ သို့မဟုတ် အန္တရာယ်ရှိသော အရာဝတ္ထုများ တစ်ခုခု လက်ဝယ်ပိုင်ဆိုင်မှုကို ထိန်းသိမ်းရရှိရန်ဖြစ်လျှင်

3. မိမိကိုယ်ကို ကာကွယ်ရန်ဖြစ်လျှင်

4. အန္တရာယ်ထိခိုက်မှုမှ တစ်စုံတစ်ဦးအား ကာကွယ်ရန်ဖြစ်လျှင်၊ သို့မဟုတ်

5. ပိုင်ဆိုင်မှုပစ္စည်းသို့ ပျက်စီးဆုံးရှုံးမှုအား ကာကွယ်ရန်ဖြစ်လျှင်

ဤမူဝါဒပေါ်လစီအား အကောင်ထည်ဖော်ဆောင်ရွက်ရန်အတွက် တာဝန်ရှိသော ကျောင်းခရိုင်ဒေသ ဝန်ထမ်းများသည် လူမျိုး၊ ကျား၊မ၊ မူလနိုင်ငံသား၊ တိုင်းရင်းသား၊ ဘာသာရေး၊ မသန်စွမ်းမှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ တင်ဆက်ပြသမှု သို့မဟုတ် ကျား၊မ ဖော်ထုတ်မှု အစ ရှိသည်တို့အား အခြေခံပြီး ခွဲခြားဆက်ဆံမှုမရှိဘဲ ထိုသို့ပြုရပေမည်။

မျှတသင့်တော်သော ပရော်ဖက်ရှင်နယ်ကျွမ်းကျင်မှုရှိသည့် ဆုံးဖြတ်ချက်ချမှုကို အသုံးပြုပြီး ကျောင်းပတ်ဝန်းကျင်အသိုင်းအဝိုင်း အဖွဲ့ဝင်များ၏ လုံခြုံအန္တရာယ်ကင်းရေး၊ လူမှုဖူလုံရေး နှင့် ကိုယ်ကျင့်သိက္ခာဖြင့်အညီ ဤမူဝါဒပေါ်လစီအား ကျောင်းခရိုင်ဒေသ ဝန်ထမ်းအဖွဲ့ဝင်များမှ အကောင်ထည်ဖော်ဆောင်ရွက်သွားရပေမည်။

မွေးစားကျင့်သုံးမှု - ဇန်နဝါရီလ ၁၅ရက်၊ ၂၀၀၉